မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
December 10 , 2024 Volume 85 , Number 7

၁၀.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၄.၇၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၆.၉၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၆.၂၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၁.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၆၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၃ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ကရင်ပြည်နယ်တွင် ယခုနှစ်မိုးစပါးဧက လေးသိန်းနှစ်သောင်းခုနှစ်ထောင်ကျော် စိုက်ပျိုးခဲ့



ကရင်ပြည်နယ်တွင်ယခုနှစ်မိုးစပါးဧကလေးသိန်းနှစ်သောင်းခုနှစ်ထောင်ကျော်စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်နှုန်းမှန်ကန်စွာရရှိနိုင်ရေးကောင်း၊ သင့်၊ ညံ့ကိုယ်စားပြုအလွှာလိုက်ခွဲခြားပြုစု၍ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် စံကွက်ပေါင်း ၁၀၅၃ ကွက်ကို ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၇ ရက်တွင် လှိုင်းဘွဲ့မြို့နယ်၊ထီလုံကျေးရွာ၊ထီလုံအလယ်ကွင်းရှိ တောင်သူတစ်ဦး၏ မိုးစပါးဆင်းသုခစိုက်ခင်း၌ စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၁၁ ဒသမ ၁၅ တင်းထွက်ရှိကြောင်း ပြည်နယ်မြေစာရင်းဦးစီးဌာနက သိရသည်။

အဓိကစားနပ်ရိက္ခာမှာ လယ်ယာကဏ္ဍမှရရှိသည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တောင်သူများအနေဖြင့် စပါးသီးနှံကိုတိုးချဲ့စိုက်ပျိုးကြစေလိုပြီး သီးထပ်၊ သီးညှပ်များဖြင့်မြေလွတ်မြေလပ်မကျန် စိုက်ပျိုးလုပ်ကိုင်ကြစေလိုကြောင်း မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူးက စံကွက်ရိတ်သိမ်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက သီးနှံအထွက်နှုန်းတိုးတက်ရေး နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူးက မီးခိုးမြူငွေ့များ အန္တရာယ်အကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် တစ်ဧကအထွက်နှုန်းမှန်ကန်စွာရရှိရေး စိုက်ပျိုးပြီးစီးသည့် မိုးစပါးကေမျာအနက် ကိုယ်စားပြု အလွှာကောင်းကို ကိုယ်စားပြုသော ဆင်းသုခမိုးစပါးစိုက်ခင်းကို ၆ သသမ ၆ ပေ x ၆ ဒသမ ၆ ပေပတ်လည် ဧရိယာ ၀ ဒသ မ ၀၀၁ ဧက စံကွက်သုံးကွက်အား ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများက မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုး စပါးရိတ်သိမ်းခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူးက တစ်ဧကအထွက်နှုန်း ၁၁၁ ဒသမ ၁၅ တင်းထွက်ရှိကြောင်း၊ မျိုးစေ့၊ သွင်းအားစု၊လုပ်အားခအစရှိသောတစ်ဧကစိုက်ပျိုးစရိတ်၊
အထွက်နှုန်းနှင့်တောင်သူအကျိုးအမြတ်ရရှိမှုတို့ကိုရှင်းလင်းတင်ပြပြီးပြည်နယ် ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့သည်။

လှိုင်းဘွဲ့မြို့နယ်တွင် မိုးစပါး ၁၂၀,၈၈၉ ဧကစိုက်ပျိုးထားရှိပြီး ကောင်း၊ သင့်၊ ညံ့ကိုယ်စားပြုအလွှာလိုက် စံကွက်ပေါင်း ၃၁၅ ကွက်ကို ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း ပြည်နယ်မြေစာရင်းဦးစီးဌာနက သိရသည်။

**Source: Popular News Journal**

## တောင်ပေါ်ဒေသများမှ ထွက်ရှိလာသည့် ဗိုလ်စားပဲများအရောင်းအဝယ်ကောင်းနေ



မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းသီးနှံဈေးကွက်သို့ တောင်ပေါ်ဒေသများမှ ထွက်ရှိလာသည့် ဗိုလ်စားပဲများဝင်ရောက်လာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များကောင်းနေကြောင်း မန္တလေးမြို့ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

လက်ရှိအချိန်တွင် မန္တလေးမြို့ ကုန်စိမ်းသီးနှံဈေးကွက်အတွင်းသို့ တောင်ပေါ်ဒေသတစ်ဝိုက်တို့မှ ထွက်ရှိသည့် ဗိုလ်စားပဲများ နေ့စဉ်ကားအစီးရေ သုံးစီးမှ လေးစီးခန့်ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိဈေးနှုန်းများမှာတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဗိုလ်စားပဲက တောင်ပေါ်ဒေသဘက်တွေကပဲထွက်ရှိပြီး ဈေးကို အပြိုင် ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသဘက်က ထွက်တာနည်းသေးပါတယ်။ စိုက်ပျိုးမှုတွေကလည်း ယခင်နှစ်တွေထက်စာရင်နည်းလာပါတယ်။ ကျန်တဲ့သီးနှံများဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ မုန်ညင်း၊ မုန်လာဥ၊ ပဲရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥနဲ့ ကြက်သွန်နီစတဲ့ သီးနှံတွေလည်း အရောင်းအဝယ်တွေကောင်းနေပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါဗိုလ်စားပဲများကို လက်ရှိအချိန်တွင် တောင်ပေါ်ဒေသများမှ အဓိကထားစိုက်ပျိုးကြပြီး ယင်းသီးနှံသည် ရာသီအလိုက်ထွက်ရှိသော သီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း သိရသည်။

**Source:** ကြေးမုံသတင်းစာ

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂-၁၂-၂၀၂၄ မှ ၆-၁၂-၂၀၂၄ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/ RC (2024 Crop)ကျပ် ၃,၅၄၀,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၉၃၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃,၈၁၇,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၇၃,၀၀၀နှင့်မတ်ပဲSQ/RC (2024 Crop)ကျပ်၈၃,၀၀၀ ၊ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၂၅၂,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၀ လုံး(တန်ချိန် ၁၂၀၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရှောက် (သစ်) AC ကျပ် ၆၅၀၀၊ မြားနီ ကျပ် ၆၀၀၀ ၊ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄၀၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၁၀,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပန်းရဲရှောက် (သစ်) AC ကျပ် ၅၀၀ နှင့် မြားနီ ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ရှောက်သီးများဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရှောက်ရှည်အိတ်ပေါင်း ၁၄၀၀ (၂၈,၀၀၀ ပိဿာ)နှင့်ရှောက်ပုအိတ်ပေါင်း ၁၀၀( ၁၅၀၀ပိဿာ) ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ရှောက်ရှည်အိတ်ပေါင်း ၂၃၀၀ (၄၆,၀၀၀ ပိဿာ)နှင့် ရှောက်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ )ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် ရှောက်ရှည် အိတ်ပေါင်း ၉၀၀ (၁၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ် ၃၅၀၀နှင့် မန်ကျည်းအသား (သစ်) ကျပ် ၁၃,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်း ဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၇၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြိမ်း ကျပ် ၇၂၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများဈေးငြိမ်လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂-၁၂-၂၀၂၄ မှ ၆-၁၂-၂၀၂၄ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၈၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၃၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၂၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၄၃၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၇၀၀၊ မြင်းခြံလတ်သန့် ကျပ် ၃၀၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မြင်းခြံလတ်ကြီး ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၃၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများ မှာဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၇၅ စီး (၄၅၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၀ စီး (၇၂၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄၅ စီး (၂၇၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်းထူး-၂ ကျပ် ၁၂,၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၄,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၅,၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၆,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၃၀၀ (၃၉,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်ကြက်သွန်ဖြူအိတ် ၁၇၅၀ (၅၂,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၄၅၀ (၁၃,၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၆၀၀၀၊ အောင်ပန်း OK ကျပ် ၇၀၀၀ ၊အောင်ပန်း S1 ကျပ် ၈၀၀၀၊ အောင်ပန်း S2 ကျပ် ၉၀၀၀ နှင့် တရုတ်အာလူး ကျပ် ၉၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၅၀၀၊ အောင်ပန်း OK ကျပ် ၅၀၀ ၊အောင်ပန်း S1 ကျပ် ၅၀၀ နှင့် အောင်ပန်း S2 ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး တရုတ်အာလူးမှာဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာယခင်အပတ်ကကားစီးရေ ၁၀ စီး (၆၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၇ စီး (၁၀၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၇ စီး (၄၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရ သည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကင်းမွန်ပိဿာချိန် ၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကင်းမွန်ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

"အခုလက်ရှိ ဖျာပုံမြို့နယ်ကကင်းမွန်တွေအရင်ကထက် ပိုမိုတင်ပို့ရောင်း ချနေရပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလထက် နိုဝင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၂၇,၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါ တယ်။ ဖျာပုံမြို့နယ်ကနေထွက်ရှိတဲ့ ကင်းမွန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချလျက်ရှိပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးက ပြောပြသည်။

အဆိုပါ ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ကင်းမွန်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကင်းမွန်များကို ရန်ကုန်မြို့မှတစ်ဆင့် အခြားဈေးကွက်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကင်းမွန်များဈေးကောင်းရရှိလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ လုပ်ငန်းများအဆင်ပြေပြေလည်ပတ်လုပ်ကိုင်နေကြောင်း သိရသည်။

**Source:** ရတနာပုံ သတင်းစာ

## ညောင်တုန်းမြို့နယ်မှ ငရုတ်သီးစိမ်းများ ရန်ကုန်သို့တင်ပို့လျက်ရှိ



ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်တွင်ဆန်စပါးကိုအဓိကထားစိုက်ပျိုးကြပြီးယာမြေများတွင် ပဲအမျိုးမျိုး၊ ဝါ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ သီးနှံများ စိုက်ပျိုးကြကြောင်းနှင့် ငရုတ်စိုက်တောင်သူများအနေဖြင့် စတင်စိုက်ပျိုးထွက်ရှိနေပြီး အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းသဖြင့် အသီးအစိမ်း ခူးဆွတ်ရောင်းချလျက်ရှိရာ စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်တွင် ငရုတ်သီးအစိမ်းခူးဆွတ်ရောင်းချသူများအနေဖြင့် မိုးထောင်၊ အောက်ဆွဲငရုတ်မျိုးများ အဓိကစိုက်ပျိုးကြပြီး ဈေးကွက်ရရှိရေး အချိန်ကာလအမျိုးမျိုးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် အစိုစိုက်ရေသွင်းစိုက်ပျိုးခြင်းနှင့် အခြောက်စိုက် မြေကျင်းဖော်၍ ရေလောင်းစိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုးစိုက်ပျိုးကြကြောင်း ငရုတ်သီးနှံတစ်ဧက ပျိုးထောင်စိုက်ပျိုးမည်ဆိုပါက မျိုးထုပ် ၁၅ ထုပ်ခန့်ပျိုးထောင်စိုက်ပျိုးရကြောင်း ကုန်ကျစရိတ်အနေဖြင့် မြေပြင်မှစ၍ အခင်းဖျက်သိမ်းသည်အထိ သွင်းအားစုထည့်သွင်းအသုံးပြုသည့်အပေါ်မူတည်၍ ငွေကျပ်သိန်း ၂၅ မှ ၃၀ သိန်းထိ ကုန်ကျစရိတ်ရှိကြောင်း ငရုတ်စိုက်တောင်သူများထံက သိရသည်။

ငရုတ်သီးနှံသည် ကာလရှည်သီးနှံဖြစ်ပြီး တောင်သူအများစုသည် အသီးတောင့်ရင့်မှည့်အောင်ထားကာ ၇ ရက်တစ်ကြိမ်ခူးဆွတ်အခြောက်လှန်းကာရောင်းချခြင်းများပြုလုပ်ကြသော်လည်းနေ့စဉ်ဝင်ငွေရရှိလိုသူများအနေဖြင့် ငရုတ်သီးများကိုမှည့်အောင်မထားရှိဘဲ ငရုတ်အသီးအတောင့်ရင့်သည်နှင့်တစ်ပြိုင်နက်တည်းအစိမ်းခူးဆွတ်ရောင်းချလျက်ရှိရာ ငရုတ်သီးအစိမ်းဈေးကောင်းမွန်သောကြောင့် အသီးအစိမ်းခူးဆွတ်ရောင်းချသူများအဆင်ပြေလျက်ရှိပြီး၊ ငရုတ်သီးခြောက်အနေဖြင့်လည်းအကျိုးအမြတ်ရရှိ၍နှစ်စဉ်ငရုတ်ခြောက်ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချနေပြီးစီးပွားဖြစ်စိုက်ပျိုးနေသောလုပ်ငန်းတစ်ခုဖြစ်ပြီး ယခုငရုတ်ခြောက်ပိဿာချိန် ၁၀ လျှင် ၈၀,၀၀၀ထိ ဈေးပေါက်နေပြီး ငရုတ်သီးစိမ်းဈေးအနေဖြင့် ၁ ပိဿာ ၁၀,၀၀၀ ကျပ်ထိ ဈေးကောင်းရနေကြောင်း သိရသည်။

Source : DOCA ဧရာဝတီ

https://www.doca.gov.mm/my/node/27719

## ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု ၂၀၂၅ ခုနှစ်တွင် ကျဆင်းနိုင်



ထိုင်းနိုင်ငံ၏ ယခုနှစ်ပို့ကုန်တင်ပို့မှုသည် ယခင်ခန့်မှန်းထားသည့် ၂ ရာခိုင်နှုန်း တိုးတက်မှုထက်မြင့်မားလျက် ၄ ရာခိုင်နှုန်းအထိ တိုးတက်မှုရရှိနိုင်ပြီး ၂၀၂၅ ခုနှစ်တွင်လည်း ၁ ရာခိုင်နှုန်း မှ ၃ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ကြောင်း ထိုင်းပို့ကုန်လုပ်ငန်းရှင်များကောင်စီက ၃-၁၂-၂၀၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပို့ကုန်တင်ပို့မှုများသည် ယခုနှစ်အစောပိုင်းက ထက် အောက်တိုဘာလတွင် ၁၄ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမ ၁၀ လ၏ နှစ်ချုပ်အနေဖြင့် ၄ ဒသမ ၉ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ယခုနှစ် ပထမ ၁၀ လအတွင်း ထိုင်းနိုင်ငံ၏ နယ်စပ်နှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများ မှာ ၆ ဒသမ၁၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် ဘတ်ငွေ ၁ ဒသမ ၅၁ ထရီလီယံသို့ရောက်ရှိခဲ့သည်ဟု ကုန်သွယ်ရေးဝန်ကြီး Pichai Naripthaphan က ဒီဇင်ဘာ ၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

တစ်ချိန်တည်း၌ ထိုင်းဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ် ပထမ ၁၁ လတွင် တန်ချိန် ၉ ဒသမ ၇ သန်း သို့ ရောက်ရှိခဲ့ပြီး ယခင် နှစ်အလားတူကာလတင်ပို့မှုထက် ၁၆ ဒသမ ၆ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ကြောင်း၊ သို့သော် အိန္ဒိယ၏ဆန်တင်ပို့မှုပြန်လည်စတင်ခဲ့ပြီးနောက် ကမ္ဘာ့ဒုတိယအကြီးဆုံးဆန်တင်ပို့သည့်ထိုင်းနိုင်ငံ၏ဆန်တင်ပို့မှုမှာ ၂၀၂၅ ခုနှစ်တွင် ကျဆင်းသွားနိုင်ဖွယ်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

**Source:BangkokPost,3December,2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/27754

TIR

## မလေးရှားနိုင်ငံ၌ ရေကြီးမှုကြောင့် စပါးအထွက်ထိခိုက်မှုအပေါ် ဆန်တင်သွင်း၍ ဖြေရှင်းမည်



မလေးရှားနိုင်ငံတွင်ရေကြီးမှုများကြောင့် စပါးစိုက်ပျိုးရေးလုပ်ငန်းများထိခိုက်မှုဖြစ်ပေါ်ခဲ့ပြီးနောက် ဆန်ပြတ်လပ်မှုမရှိစေရေးအတွက် ဒီဇင်ဘာ ၁ ရက်နေ့မှ စတင်၍ ပြည်ပမှတင်သွင်းလာသော ဆန်ဖြူဈေးနှုန်းများကို လျှော့ချခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်း သိရသည်။

Kemubu Agricultural Development Authority (Kada) က အကောင်အထည်ဖော် ဆောင်ရွက်နေသော နိုင်ငံမြောက်ပိုင်း Kelantan ပြည်နယ်၊ Pasir Mas ခရိုင်သို့ရေလွှမ်းမိုးမှုအခြေအနေ အား သွားရောက်ကြည့်ရှုခဲ့ပြီးနောက် ဒီဇင်ဘာ ၁ ရက်နေ့၌သတင်းထောက်များနှင့် တွေ့ဆုံရာတွင် စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာ ဖူလုံရေးဝန်ကြီး Datuk Seri Mohamad Sabu က ရေလွှမ်းမိုးမှုဒဏ်ကြောင့် စပါးစိုက်ပျိုးမှုမှာ အဆိုးရွားဆုံးထိခိုက်ခဲ့ပြီး ဟင်း သီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု၊ တိရစ္ဆာန်မွေးမြူရေးနှင့်ငါးမွေးမြူရေးလုပ်ငန်းများသည်လည်း ရောင်းလွဲ၍မရသောကုန်စည် ပြတ်လပ်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ဖြစ်၍ ဆန်ပြတ်လပ်မှုများအတွက် ဈေးနှုန်းများကျဆင်းမှုရှိနေခဲ့သည့် တင်သွင်းလာသောဆန် များနှင့် ဖြည့်ဆည်းပေးမည်

ဖြစ်ကြောင်း၊လက်ရှိအချိန်တွင် နိုင်ငံတကာဈေးကွက်၌ဆန်ဈေးနှုန်းကောင်းမွန်လျက်ရှိကြောင်း၊ ပြည်ပမှတင်သွင်းသည့် ဆန် ၁ တန်လျှင် လက်ရှိကာလ၌ ရင်းဂစ်ငွေ ၂၈၀၀ ခန့်ရှိရာမှ ရင်းဂစ် ၃၂၀၀ မှ ၃၃၀၀ အတွင်းသို့ မြင့် တက်လာနိုင်ကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

ပြည်တွင်းဈေးကွက်၌ ဆန်လိုအပ်ချက်၏ ၆၁ ရာခိုင်နှုန်းကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖြည့်ဆည်းရန် အစိုးရက ရည်မှန်းထားကြောင်း၊ သို့သော် ပြည်တွင်းဆန်ထုတ်လုပ်နိုင်စွမ်းသည် ဈေးကွက်၏ ၅၆ ရာခိုင်နှုန်းဝန်းကျင်သာရှိသောကြောင့် ထိုကဲ့သို့ တင်သွင်းလာသည့်ဆန်များ၏ ဈေးနှုန်းအားလျှော့ချခြင်းသည် တောင်သူများအပေါ်ထိခိုက်လိမ့်မည်မဟုတ်ကြောင်း ဝန်ကြီး Mohamad က ပြောကြားခဲ့သည်။

၎င်း၏ပြောဆိုမှုအရ Kelantan ပြည်နယ်၌ ယခင်က စပါးစိုက်ရာသီနှစ်ကြိမ်တွင် ကာလရှည်ကြာစွာ မိုးခေါင်မှုနှင့်ကြုံတွေ့ရချိန်၌ မလေးရှားနိုင်ငံတွင် ဆန်ရောင်းလိုအားသည် ၄ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး ယခုအကြိမ်ရေကြီးမှုသည် ပိုမိုဆိုးရွားမှုရှိနိုင်ကြောင်း၊ Kelantan ပြည်နယ်၌ စိုက်ပျိုးရေးထုတ်ကုန် ဆုံးရှုံးမှုများသည် ရင်းဂစ် ၁၆ သန်းအထိရှိပြီး ဆန်းစစ်မှုအပြီးသတ်ချိန်နောက်ပိုင်းတွင် ဆုံးရှုံးမှုပမာဏတိုးလာနိုင်ကြောင်း သိရသည်။

Source:TheStar,01Dec2024

**(လယ်ယာထွက်ကုန်များနှင့် အမိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/27760

## တရုတ်နိုင်ငံ၏ နိုင်ငံခြားငွေ အရန်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၆၉၅ ထရီလီယံထိ မြင့်တက်ခဲ့

တရုတ်နိုင်ငံ၏ နိုင်ငံခြားငွေ အရန်ငွေသည် နိုဝင်ဘာလကုန်တွင် စုစုပေါင်း အမေရိကန် ဒေါ်လာ ၃ ဒသမ ၂၆၅၉ ထရီလီယံရှိခဲ့ကြောင်း၊ ယခင်လထက် ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံ သို့မဟုတ် ၀ ဒသမ၁၅ ရာခိုင်နှုန်းတိုးလာကြောင်း တရားဝင်အချက်အလက်ဖော်ပြချက်များအရ သိရသည်။

နိုင်ငံတော် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၏ ထုတ်ပြန်ချက်အရအမေရိကန်ဒေါ်လာညွှန်းကိန်းနှင့်ကမ္ဘာ့ဘဏ္ဍာရေးပိုင်ဆိုင်မှုဈေးနှုန်းများ ယခင်လတွင်မြင့်တက်ခဲ့ခြင်းကြောင့်အဓိကစီးပွားရေးနှင့်သက်ဆိုင်သည့် ငွေကြေးဆိုင်ရာမူဝါဒများ၊ ဈေးကွက်မျှော်မှန်းချက်များနှင့် မေခရိုစီးပွားရေးအချက်အလက်များသို့ သက်ရောက်မှုများရှိခဲ့ကြောင်း၊ငွေကြေးလဲလှယ်ခြင်းနှင့် ပုံသေပိုင်ဆိုင်မှုဈေးနှုန်းပြောင်းလဲခြင်းကဲ့သို့သောအချက်များ၏ ပေါင်းစပ်သက်ရောက်မှုကြောင့် တရုတ်နိုင်ငံ၏ နိုင်ငံခြားအရန်ငွေမှာတိုးတက်ခဲ့ကြောင်း၊ နိုင်ငံ့စီးပွားရေးပြန်လည်ဦးမော့မှုမှာ အရှိန်အဟုန်နှင့်မြင့်တက်လျက်ရှိပြီးဈေးကွက်ယုံကြည်ချက်မှာလည်း တိုးမြင့်ခဲ့သဖြင့် အဆိုပါအချက်များကနိုင်ငံ၏ နိုင်ငံခြားအရန်ငွေတည်ငြိမ်မှုအတိုင်းအတာကိုထိန်းသိမ်းရန် အထောက်အကူဖြစ်စေခဲ့ကြောင်း အုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့ဘဏ်မှထုတ်ပြန်သည့်အချက်အလက်များအရတရုတ်နိုင်ငံ၏အရန်ရွှေသည် ယခင်လက ၇၂ဒသမ၈ မီလီယံအောင်စရှိခဲ့ရာမှ နိုဝင်ဘာလကုန်တွင် ၇၂ ဒသမ ၉၆ မီလီယံအောင်စအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

**Source: http://en.people.cn/n3/2024/1207/c90000-20251268.html**

စီးပွားရေးသံမှူး

ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

**https://myantrade.gov.mm/article/Naypyitawstp_091220240218**

## မူဝါဒများ၏ ပံ့ပိုးမှုကြောင့် တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် နိုဝင်ဘာလတွင် ပိုမိုမြန်ဆန်စွာ တိုးတက်လာခဲ့

အစိုးရ၏ မူဝါဒပိုင်းပံ့ပိုးမှုများကြောင့်တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် နိုဝင်ဘာလတွင်အရှိန်အဟုန်ဖြင့်တိုးတက်လာခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရို National Bureau of Statistics-NBS မှ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

NBS ၏အဆိုအရ တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် purchasing managers' index PMIသည် အောက်တိုဘာလတွင် ၅၀ ဒသမ ၁ရှိခဲ့ရာမှ နိုဝင်ဘာလတွင် ၅၀ ဒသမ ၃သို့ မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

NBS စာရင်းအင်းပညာရှင် Zhao Qinghe ၏ အဆိုအရ ထပ်တိုးမူဝါဒများနှင့် လက်ရှိမူဝါဒများတဖြည်းဖြည်းအကျိုးသက်ရောက်လာသောကြောင့် တရုတ်၏ ထုတ်လုပ်မှုကဏ္ဍသည် နိုဝင်ဘာလတွင် အရှိန်မြှင့်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ရောင်းလိုအားနှင့်ဝယ်လိုအားနှစ်ခုစလုံးသည်နိုဝင်ဘာလတွင်ပြန်လည်ဦးမော့လာခဲ့ပြီး ကုန်ထုတ်လုပ်မှုနှင့် အမှာစာသစ်ရရှိမှုဆိုင်ရာ အညွှန်းကိန်းခွဲများသည် ၅၂ ဒသမ ၄နှင့် ၅၀ ဒသမ ၈အထိ အသီးသီးမြင့်တက်လာခဲ့သည်ဟု Zhao က ပြောကြားခဲ့ကြောင်း သိရသည်။ ယေဘုယျအားဖြင့် စက်ကိရိယာများနှင့် မော်တော်ယာဉ်လုပ်ငန်းများ၏ထုတ်လုပ်မှုနှင့် အမှာစာအသစ်ရရှိမှုဆိုင်ရာ အညွှန်း ကိန်းခွဲများသည် ၅၄ အထက်သို့ အရှိန်အဟုန်ဖြင့် မြင့်တက်လာကြောင်း သိရသည်။

NBS ၏အချက်အလက်များအရလည်း နည်းပညာမြင့်ကုန်ပစ္စည်းထုတ်လုပ်မှု၊ လူသုံးကုန်ပစ္စည်းများနှင့် စက်ကိရိယာများထုတ်လုပ်မှုကဲ့သို့သော အဓိက ကဏ္ဍများသည် တည်ငြိမ်ပြီးအပြုသဘောဆောင်သည့်အနေအထားရှိသည်ဟု NBS မှ ထုတ်ပြန်ထားကြောင်း သိရသည်။

ထုတ်လုပ်သူများအကြား ယုံကြည်မှုတိုးလာခြင်းကို ပြသသည့် စီးပွားရေးမျှော်မှန်းချက် အညွှန်းကိန်းသည် ၅၄ ဒသမ ၇ အထိ မြင့်တက်လာသဖြင့် နိုဝင်ဘာလတွင် ဈေးကွက်ခိုင်မာမှုမှာ ဆက်လက်တိုးတက်နေကြောင်း သိရသည်။

အဆိုပါအချက်အလက်များအရ ထုတ်လုပ်မှုမဟုတ်သော PMI သည် အောက်တိုဘာလ တွင် ၅၀ ဒသမ၂ မှ နိုဝင်ဘာလတွင် ၅၀ သို့ကျဆင်းသွားပြီး အထွေထွေ PMI သည်အောက်တိုဘာအတိုင်း ၅၀ ဒသမ ၈တွင် ဆက်လက်တည်ရှိနေကြောင်း သိရသည်။

ဝန်ဆောင်မှုကဏ္ဍအတွက် စီးပွားရေးမျှော်မှန်းချက်အညွှန်းကိန်းသည် နိုဝင်ဘာလတွင် ၅၇ ဒသမ ၃ရှိနေခဲ့ပြီး ဆောက်လုပ်ရေးကဏ္ဍအတွက် အညွှန်းကိန်းသည် ၅၅ ဒသမ ၆သို့ မြင့်တက်လာကာ ကဏ္ဍနှစ်ခုစလုံးတွင် ဈေးကွက်ယုံကြည်မှုများတိုးတက် လာခဲ့ကြောင်း NBS မှ သိရသည်။

စက်တင်ဘာလကတည်းက အစိုးရဌာနအသီးသီးသည် စီးပွားရေးတိုးတက်မှုကို အားကောင်းစေရန် ရည်ရွယ်သည့် သိသာထင်ရှားသော ထပ်တိုးမူဝါဒများကို ချမှတ်ခဲ့ကြောင်း သိရသည်။

၎င်းအစီအမံများသည် အဓိကနယ်ပယ်၅ခုဖြစ်သည့် မက်ခရိုစီးပွားရေးတန်ပြန်ချိန်ညှိမှုကို မြှင့်တင်ခြင်း၊ ထိရောက်သောပြည်တွင်းဝယ်လိုအားကို တိုးချဲ့ခြင်း၊လုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုများတိုးမြှင့်ခြင်း၊ အိမ်ခြံမြေဈေးကွက် တည်ငြိမ်စေခြင်းနှင့် အရင်းအနှီးဈေးကွက် မြှင့်တင်ပေးခြင်းတို့တွင် အဓိကထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထပ်တိုးမူဝါဒနှင့် လက်ရှိမူဝါဒများ၏ အကျိုးရလဒ်များ ထွက်ပေါ်လာသည်နှင့်အမျှ စီးပွားရေးတက်ကြွမှု၊ ပိုမိုကောင်းမွန်သော စက်မှုလုပ်ငန်းတည်ဆောက်ပုံများနှင့် လုပ်ငန်းများ၏ ယုံကြည်မှုများ တိုးမြင့်လာသည်ဟု China Logistics Information Center မှ လေ့လာသုံးသပ်သူ Wen Tao က ပြောကြားခဲ့ကြောင်း သိရသည်။

ဘက်ပေါင်းစုံ၌ အပြုသဘောဆောင်သောအပြောင်းအလဲများဆက်လက်ဖြစ်ပေါ်နေပြီး တရုတ်နိုင်ငံ၏ လက်ရှိစီးပွားရေးပြန်လည် ဦးမော့လာမှုကို ထပ်မံပေါင်းစည်းလိုက်ကြောင်း Wen က ပြောကြားခဲ့သည်။

Source: https://english.news.cn/20241130/9c24055b599e4c23b10e449150cfb0ee/c.html

(**စီးပွားရေးသံမှူး၊ နန်နင်းမြို့**) https://myantrade.gov.mm/article/Naypyitawstp_091220240147

# STOCK EXCHANGE (10.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,789 (Shares) | 37,925,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,600 | 8,600 | 8,500 | 897 | 7,637,200 | 33,109,694 | 281,432 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,150 | 3,200 | 3,150 | 3,877 | 12,223,100 | 38,929,150 | 122,627 |
| MCB | 00003 | 8,300 | +200 | +2.47% | 8,100 | 8,300 | 8,100 | 886 | 7,176,800 | 10,400,986 | 86,328 |
| FPB | 00004 | 1,950 | -50 | -2.50% | 2,000 | 2,000 | 1,950 | 137 | 272,450 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 618 | 1,854,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 1,522 | 2,598,400 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | -200 | -4.26% | 4,500 | 4,500 | 4,500 | 244 | 1,098,000 | 10,497,598 | 47,239 |
| MAEX | 00008 | 3,150 | -50 | -1.56% | 3,150 | 3,150 | 3,150 | 1,608 | 5,065,200 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 10th Dec. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.39 | -4.21 | -1.06% | 395.30 | 396.33 | 392.76 | 9,789 | 37,925,150 | 8 | 743,888 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 10th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 12,289 (Shares) | 46,050,150 (MMK) |

### Main Board

As of 1:00 pm, 10th Dec. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,789 (Shares) | 37,925,150 (MMK) |

| MYANPIX | 394.39 ▼ 4.21 |
|---|---|
| Total Volume (shares) | 9,789 |
| Total Value (MMK) | 38 mil |
| Listed Company | 8 |
| Market Cap. (MMK) | 743,888 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 200 |
| FPB | 00004 | 1,950 | ▼ 50 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,500 | ▼ 200 |
| MAEX | 00008 | 3,150 | ▼ 50 |